ဆောင်ပုံကျေးရွာ

ကန်ကြီးထောင့်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# (၂၀၂၀-၂၀၂၁)



ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဆောင်ပုံကျေးရွာ၊ အောက်တံခွန်တိုင်ကျေးရွာအုပ်စု၊ ကန်ကြီးထောင့်မြို့နယ်
(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ

**မာတိကာ**


မာတိကာ ၁

စကားချီး ၅

ဆောင်ပုံကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ကန်ကြီးထောင့်မြို့နယ် ၇

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်** ၈

**(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု** ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

**(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ** ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

**(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ** ၁၁

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေး နှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

**(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ** ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

**(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုအတွက် အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၁၆

**(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ** ၁၇

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၁၈

အပိုင်း (ခ) စီမံကိန်းဆိုင်ရာအချက်အလက်များ

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ ၁၉
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၃

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၄
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၂၆
(၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း
(၁၁-၂) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(၁၁-၃) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ ၂၉

(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရ လုပ်ငန်းအမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား
ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား ၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှု အခြေအနေ
ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

**(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေး အခြေအနေ**

ဇယား ၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှု များ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိက အကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၃၀ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၄ အဖြစ်များသော ရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု

ဇယား ၃၈ အိမ်သာ အမျိုးအစား
ဇယား ၃၉ ကျား-မ ရေးရာ
ဇယား ၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၇၀

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃)** ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်းအထိ) ၇၂

**ကိုးကားစာရင်း** ၇၅

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင် ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း (၂) ပိုင်း ပါရှိပါသည်။ အပိုင်း (က) တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊

ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း (ခ) သည် စီမံကိန်းဆိုင်ရာအချက်အလက်များ၏ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ဖေဖော်ဝါရီလ၊ ၂၀၂၁ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ဆောင်ပုံကျေးရွာ၊ အောက်တံခွန်တိုင်ကျေးရွာအုပ်စု
ကန်ကြီးထောင့်မြို့နယ်

## အောက်တံခွန်တိုင်ကျေးရွာအုပ်စု၊ ဆောင်ပုံကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ကန်ကြီးထောင့်မြို့နယ်



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်၊ အောက်တံခွန်တိုင်ကျေးရွာအုပ်စု၊ ဆောင်ပုံကျေးရွာသည် အိမ်ခြေနှင့်လူဦးရေ အသင့်အတင့်ရှိသော်လည်း ဖွံ့ဖြိုးတိုးတက်မှုများ နောက်ကျနေခြင်းကြောင့် ဤအစီအစဉ်တွင်ပါဝင်ရခြင်းဖြစ်ပါသည်။ ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ထို့ကြောင့် ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုပါဝင်မှုအားနည်းရပါသည်။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်း အချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန်လိုအပ်သော နည်းပညာ များရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။ သို့သော် အလွယ်တကူတက်ကျွမ်းမှုမရှိ၍ စီစဉ်ဆောင်ရွက်ရာတွင် ခက်ခဲပါသဖြင့် မိမိတို့ ဉာဏ်ရည်ဉာဏ်သွေး ပူးပေါင်းပါဝင်မှုများဖြင့် ပြုစုတင်ပြသွားမည်ဖြစ်ပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပ့်အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာ ကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေ နှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကိုသိရှိစေရန် မျှော်လင့်ပါသည်။

## အစိုးရနှင့် အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိက ကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ သို့မှသာ တစ်နိုင်ငံလုံးအတိုင်းအတာအရ ပါဝင်လှုပ်ရှားနိုင်မည်ဆိုပါက ပိုမိုထိရောက်နိုင်မည် ဖြစ်ပါ သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ် သည်။ လုပ်ငန်းအကြီးစားများမဟုတ်ဘဲ လူထုကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်သည့် လုပ်ငန်း အသေးစားများဖြစ်၍ လူထုမှလည်း ထိုက်သင့်သည့် လုပ်အားများထည့်ဝင်နိုင်ခြင်း၊ စိတ်ပါဝင်စားမှု၊ ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်မှု၊ စိတ်အားထက်သန်မှုနှင့် အတွေ့အကြုံများလည်း ရရှိနိုင်မည်ဖြစ်ပါသည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

### ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကို အခြေခံ

ကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာ တွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင် မည့်စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ် မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ဆောင်ပုံကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်၊ အောက် တံခွန်တိုင်ကျေးရွာအုပ်စုအတွင်းတည်ရှိပြီး ကံကုန်း-မြောင်းမြလမ်းခွဲမှတစ်ဆင့် ကျိုက်လတ်ကျေးရွာ၊ ထိုမှတဆင့် ကျေးရွာသို့ လာရောက်နိုင်ပါသည်။ ရာသီဥတုမှာပုံမှန်အနေအထားရှိပါသည်။ မြေပြန့် ဒေသတွင်တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ ကျေးရွာ၏ဘေးပတ်လည်တွင် လယ်ကွင်းများ၊ အခြား ကျေးရွာများနှင့် ချောင်းရှိပါသည်။

### (ခ) သဘာဝအရင်းအမြစ်

ကျေးရွာသည် ရေကျော် ချောင်းဘေးတွင် တည်ရှိသဖြင့် လယ်ယာစိုက်ပျိုးရေးအတွက် အသုံးပြု နိုင်ပါသည်။ မိုးရာသီတွင် မိုးရေကို အဓိကအားထား၍ စိုက်ပျိုးကြပါသည်။ စိုက်ပျိုးမြေ ဧကပေါင်း (၃၇၆.၆) ဧကရှိပြီး လယ်ဧက (၂၈၂.၅၃) ဧကနှင့် ဓနိတောမြေဧက (၁၇) ဧကခန့်၊ ဥယျာဉ်ခြံ (၂၁.၀၇) ဧကခန့်နှင့် စားကျက်မြေ (၅၆) ဧကခန့်ရှိပါသည်။ မြေဆီဩဇာ အသင့်အတင့် ကောင်းမွန်ပါသည်။ ကျေးရွာတွင် သဘာဝတွင်းထွက်သယံဇာတများမရှိပါ။ သဘာဝတိရိစ္ဆာန်မျိုးစိတ်များလည်း ရှားရှိနိုင်မှု နည်းပါးသွားပြီဖြစ်ပါသည်။ ကြက်၊ ဝက်၊ ဘဲများကိုသာ တစ်နိုင်တစ်ပိုင် မွေးမြူကြပါသည်။ ဆေး ဖက်ဝင် အပင်များ အသင့်အတင့်ရှိပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၉၂) စုနှင့် ကျား (၁၇၆) စု၊ မ(၁၉၈) ဦးဖြင့် လူဦးရေပေါင်း (၃၇၄) ဦး ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၄.၁) ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦးနှုန်းထက် အနည်းငယ်သာ လျော့နည်းပါသည်။ ကျေးရွာတွင် ဗမာ၊ ကရင် လူမျိုးများ အများစုနေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့်အရွယ်သည် ကျေးရွာရှိလူဦးရေအားလုံး၏ ၇၁.၄ % ခန့်ရှိပြီး အမျိုးသမီးဦးရေ စုစုပေါင်းမှာ အမျိုးသားအရေအတွက်ထက်ပင် အနည်းငယ်များသဖြင့် အမျိုးသမီးများလုပ်ကိုင်နိုင် သည့် အလုပ်များကိုပါ ထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များကိုဖန်တီးပေးနိုင်ပါက လူ့စွမ်းအား အရင်းအမြစ်ကို ထိရောက်စွာအသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမိုအထောက်အကူပြုစေနိုင် ပါမည်။

### (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန် အားဖြင့် အသင့်အတင့်ရှိပါသည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် မိမိတို့ရွာအနေအထားဖြင့် ကြည့်သော် အိမ်ထောင်စုအားလုံး၏ ၅၇.၆% ခန့်သည် ဆင်းရဲနှင့် အလွန် အိမ်ထောင်စုအဆင့်အဖြစ် သတ်မှတ်ကြပြီး ၁၃% သည် အဆင်ပြေသည့်အဆင့်၊ ၂၉.၄% သည် အလယ်အလတ်အဆင့်ရှိကြ သည်ဟုသတ်မှတ်သည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လှမ်းမီမှု၊ လယ်ယာသုံး စက် ကိရိယာများ ပိုင်ဆိုင်မှုအသင့်အတင့်ရှိသဖြင့် ကျေးရွာစီးပွားရေးအနေအထားမှာ အနည်းငယ်ကောင်းမွန် ပါသည်။ ဆင်းရဲအဆင့်တွင် လက်လုပ်လက်စားကျပန်းများနှင့် မြေယာမဲ့ အိမ်ထောင်စုများပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု အရေအတွက် (၅၇.၆%) ခန့်ထိရှိကာ ဆင်းရဲနှင့် အလွန်ဆင်းရဲ အဆင့်ရှိ အိမ်ထောင်စုများပါဝင်ကြသည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအရေအတွက်မှာ နှစ်ပုံတစ်ပုံကျော်ခန့်ရှိပြီး လက်လုပ် လက်စား ကျပန်းလုပ်သားများပါဝင်ပါသည်။ လုပ်သားများမှာ ရာသီအလိုက် စိုက်ပျိုးရေးလုပ်ငန်းများ တွင် အဓိကဝင်ရောက်လုပ်ကိုင်ကြပြီး လက်လီဈေးရောင်း၊ သယ်ယူပို့ဆောင်ရေး၊ ငါးဖမ်းလုပ်ငန်းနှင့် အထည်ချုပ်လုပ်ငန်း စသည်တို့တွင်လည်း ဝင်ရောက်လုပ်ကိုင်ကြသည်။ ထိုသူများတွင် ဆင်းရဲနွမ်းပါး သူ ကျပန်းလုပ်သားများလည်း ပါဝင်ပါသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စု၏ ၃၀% ဖြစ်သော အိမ်ထောင်စု (၁၈) စု အား လေ့လာဆန်းစစ်မှုအရ ယင်းတို့အားလုံး၏ ၃၃.၃% မှာ သူတပါး ထံမှ မချေးမငှားပဲ ၃ လ အောက်သာ ဝမ်းစာဖူလုံမှုရှိကြောင်း၊ ၆၆.၇% မှာ သူတပါးထံမှ မချေးမငှားပဲ

၃ လမှ ၆ လအထိ ဝမ်းစာဖူလုံမှုရှိကြောင်းတွေ့ရှိရသည်။ ချေးငွေအများစုကို ဆွေမျိုးများ/ မိတ်ဆွေများနှင့် စိုက်ပျိုးရေးချေးငွေများ ချေးယူ၍ စားသုံးရန်နှင့် ကျန်းမာရေးကိစ္စရပ်များအတွက် အဓိကသုံးစွဲကြပြီး ဝင်ငွေရအလုပ်အကိုင်များနှင့် ပညာရေးတို့အတွက် ဒုတိယအနေအထားတွင် သုံးစွဲကြသည်။

ကျေးရွာတွင် ထိခိုက်လွယ်သော အိမ်ထောင်စုများမှာ မြေယာမဲ့ ဆင်းရဲသားတောင်သူများ၊ လက်လုပ်လက်စားကျပန်းများနှင့် ရွှေ့ပြောင်းလုပ်ကိုင်သူများဖြစ်ပါသည်။ ထိခိုက်သက်ရောက်မှုအမျိုးအစားတွင် မိုးများသည့်ကာလတွင် ချောင်းရေလျှံ၍ ရေကြီးမှု၊ စိုက်ပျိုးမြေများတွင် ရေဝင်ရောက်မှု၊ ချောင်းကမ်းနားပိုင်းမြေပြိုမှုများ အနည်းငယ်ရှိပြီး ဆင်းရဲသော အိမ်ထောင်စုများအတွက် စားနပ်ရိက္ခာမဖူလုံမှု အခက်အခဲတို့ကိုသာ အဓိကတွေ့ ရှိရပါသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့်ကျန်းမာရေးကောင်းမွန်ကြပါသည်။ ကလေးငယ်အများစုသည် ကျန်းမာကြသော်လည်း တခါတရံ ရာသီအကူးအပြောင်းနှင့် ချောင်းရေ အသုံးပြုမှုများကြောင့် ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုပ်ကွေးဖြစ်ပွားမှုများ အနည်းငယ်ရှိပါသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းအများစုတို့သည်လည်း တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေး အသိအမြင်များ အသင့်အတင့်ရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို ကျေးရွာမှ ၂ မိုင်ကျော်ခန့်အကွာရှိ ကျိုက်လတ်တိုက်နယ်ဆေးရုံသို့ အနီးဆုံး သွားရောက်ကုသနိုင်ပါသည်။ ကျေးရွာအုပ်စုအတွင်းရှိ ကံ့ကော်ကန်ကျေးရွာသို့လည်း သွားရောက် ကုသနိုင်ပါသည်။

ကျေးရွာတွင် ရေတွင်း၊ တုံကင်၊ မြေသားရေကန်နှင့် ချောင်းရေများကို အဓိက အမှီပြုသုံးစွဲကြပါသည်။ နွေရာသီတွင် သောက်သုံးရေ မသန့်ရှင်းမှုများ ကြုံတွေ့ရမှုများ ရှိပါသည်။

## (င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာတွင် စာမတတ်သူဦးရေမှာ ၈% ခန့်သာရှိသဖြင့် ပညာရေးအဆင့်အတန်း အသင့်အတင့်မြင့်မားပါသည်။ ဘွဲ့ရရှိသူများနှင့် တက္ကသိုလ်ပညာသင်ကြားသူဦးရေ အသင့်အတင့်ရှိပါသည်။ ကျေးရွာတွင် စာသင်ကျောင်းမရှိသဖြင့် အခြေခံပညာမူလတန်းကို ၃ ဖာလုံခန့်ဝေးသည့် ကျိုက်လတ်အုပ်စုအတွင်းရှိ ရေကျော်ကြီးကျေးရွာ၊ အလယ်တန်းနှင့် အထက်တန်းပညာကို ကျိုက်လတ်ကျေးရွာရှိ အထက်တန်းကျောင်းသို့ သွားရောက်သင်ယူနိုင်ပါသည်။ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများဆိုင်ရာ ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင် အခွင့်အလမ်းများသည်လည်း နည်းပါးဆဲဖြစ်သည်။

## (စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျားမဆိုင်ရာဆက်နွယ်မှုအနေအထားမှာ တည်ငြိမ်ကောင်းမွန်ပါသည်။ မိသားစုအတွင်း ကျား/ မတို့၏ အခန်းကဏ္ဍအသီးသီးကို ရပ်ရွာသတ်မှတ်ချက်များအတိုင်း ကျင့်သုံးကြပါသည်။ ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများ မတွေ့ရပါ။

ပညာရေးနှင့် ဆိုင်သော မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းများရှိ ကိန်းဂဏန်းများတွင် ကျား၊ မ အရေအတွက်မှာလည်း အလွန်ကွာခြားမှုမရှိသဖြင့် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာ ရရှိပါသည်။ နေ့တွက် လုပ်အားခငွေများလည်း အလွန်ကွာခြားမှုမရှိပါ။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှု မရှိသော်လည်း လူမှုရေးလုပ်ငန်းများတွင် အမျိုးသမီးများ ပါဝင်ကူညီဆောင်ရွက်ကြပါသည်။ ကျား/မ တန်းတူညီမျှမှုနှင့်ပတ်သက်၍ အသိပညာပေးခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား/မ တန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

## (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာအတွင်း သီးသန့်ဖွဲ့စည်းထားသော လူထုအခြေပြုအဖွဲ့အစည်းများ မရှိသော်လည်း ကျေးရွာ၏ သာရေးနာရေး လူမှုရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများအတွက် ဖွဲ့စည်းထားသော စိုက်ပျိုးမွေးမြူရေး သမချေးငွေအဖွဲ့တို့ရှိပြီး ကျေးရွာလူထုမှ အဖွဲ့ဝင်များအဖြစ်ပါဝင်ကြပါသည်။ ပြင်ပပုဂ္ဂလိကငွေချေးအဖွဲ့များအနေဖြင့် Pact Myanmar၊ စထာပနာနှင့် ဟောမန် ငွေစုငွေချေးအဖွဲ့များ ရှိပါသည်။

ကျေးရွာတွင် ဈေးဆိုင်ငယ်လေးများရှိပြီး ကျိုက်လတ်ကျေးရွာဈေးသို့လည်းကောင်း၊ ပုသိမ်မြို့မဈေးသို့လည်းကောင်း သွားရောက်ဝယ်ယူရရှိနိုင်ပြီး ပစ္စည်းစုံလင်စွာရရှိနိုင်ပေသည်။

## (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် မိုးစပါးနှင့် ဆောင်းစပါး အဓိကစိုက်ပျိုးကြပြီး ခနိတောမြေများတွင် ခနိများ စိုက်ပျိုးကြပါသည်။ ကွမ်းနှင့် အခြားသီးပင်စားပင်များလည်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြပါသည်။ အချို့အိမ်ထောင်စုများမှာ မွေးမြူရေးလုပ်ငန်းများကို တစ်နိုင်တစ်ပိုင်လုပ်ကိုင်ကြသည်။ စိုက်ပျိုးမြေ စုစုပေါင်း (၃၇၆.၆) ကေခန့်ရှိသဖြင့် လယ်ယာမြေပိုင်ဆိုင်မှု အသင့်အတင့်ရှိပါသည်။ မိုးစပါးတစ်ကေ ပျမ်းမျှအထွက်နှုန်းမှာ (၆၀) တင်း၊ ဆောင်းစပါးတစ်ကေ ပျမ်းမျှအထွက်နှုန်း (၈၀) တင်းနှုန်းထွက်ရှိသည်။ သီးနှံစိုက်ခင်းများတွင် နှစ်စဉ်နှစ်တိုင်း ဖျက်ပိုးကျရောက်မှု အသင့်အတင့်ရှိပါသည်။ လယ်ယာ

စိုက်ပျိုးရေးအတွက် မိုးရေနှင့် ချောင်းရေကို အဓိကအသုံးပြုရပါသည်။ သယ်ယူပို့ဆောင်ရေးအတွက်လည်း ချောင်းနှင့် ကုန်းလမ်း နှစ်မျိုးလုံးကို အသုံးပြုနိုင်ပါသည်။

ကျေးရွာတွင် ကိုယ်ပိုင် လက်တွန်းထွန်စက်များ၊ ခြွေလှေ့စက်များ၊ ရေစုပ်စက်များဖြင့် လုပ်ကိုင်သူများရှိသကဲ့သို့ လယ်ယာမြေနည်းပါးသူများမှာလည်း စက်များငှားရမ်း၍လည်းကောင်း၊ နွားများဖြင့်လည်းကောင်း လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် စပါးကိုအဓိကစိုက်ပျိုးသဖြင့် ကျေးရွာမှ ကျပန်းအလုပ်သမားများအတွက် အလုပ်အကိုင် အသင့်အတင့်ရရှိကြသည်။

ကျေးရွာတွင် နွားမွေးမြူသူ အိမ်ထောင်စု ၁၆.၃% ခန့်၊ ဝက်မွေးသူအိမ်ထောင်စုမှာ ၂၄% ခန့်၊ ဒေသကြက်မွေးသည့် အိမ်ထောင်စုမှာ ၆၅% ခန့်နှင့် ဘဲမွေးသည့် အိမ်ထောင်စုမှာ ၃၃% ခန့်ရှိပါသည်။ ရာသီအလိုက်ဖြစ်ပွားတတ်သော တိရိစ္ဆာန်ရောဂါများ ရံဖန်ရံခါကျရောက်တတ်သည်။ ကျေးရွာတွင် တစ်နိုင်တစ်ပိုင်မွေးမြူသည့် အိမ်ထောင်စုအရေအတွက်နှင့် မွေးမြူသည့်ကောင်ရေ အသင့်အတင့်သာ ရှိပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းအနေဖြင့် ဆန်စက်လုပ်ငန်းရှိပါသည်။ အခြားဝင်ငွေရလုပ်ငန်းများမှာ ဈေးရောင်း၊ အထည်ချုပ်လုပ်သား၊ အစိုးရဝန်ထမ်း၊ စက်လှေဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ လက်သမား၊ စက်ချုပ်၊ ချောင်း/ မြောင်းအတွင်း ငါးဖမ်းခြင်း စသဖြင့် လုပ်ကိုင်ကြသည်။ လုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှုအနည်းအပါးမှ အသင့်အတင့်အနေအထားတွင်ရှိသည်။ လုပ်သက်နှင့် ပညာအရည်အချင်းအလိုက် လစာအမျိုးမျိုး ရရှိကြသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေ အသင့်အတင့်ရှိပြီး လူ့အရင်းအမြစ် အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ မြို့ပေါ်တွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဝန်ဆောင်မှုပေးနိုင်သည့် သင်တန်းများရှိသော်လည်း ရွာသားအများစုသည် အဆိုပါသင်တန်းများနှင့် အထိအတွေ့နည်းပါးကြသည်။ ထို့ကြောင့် လုပ်ငန်းခွင်သုံး ပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျကြပြီး ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင်ရရှိမှု အားနည်းသည်။

## (ဃ) သဘာဝပါတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာရှိ စပါးစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်း၊ ပိုးသတ်ဆေးနှင့် ဓာတုမြေသြဇာသုံးစွဲမှုများပြားခြင်းတို့ကြောင့် မြေဆီလွှာ အရည်အသွေးကျဆင်းလာနိုင်သည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျစွန့်ပစ်ရန် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးစေလိုပါသည်။ မြေပြန့်ဒေသ

အပိုင်းတွင်တည်ရှိပြီး ကျေးရွာ၏ ဘေးပတ်ဝန်းကျင်မှာ လယ်ယာမြေများ၊ ချောင်းနှင့် သစ်ပင်များဖြင့် စိမ်းလန်းစိုပြေနေ၍ မိုးခေါင်ခြင်းသဘာဝအန္တရာယ်မှာ အလွန်နည်းပါးပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို တစ်လအတိုးနှုန်း ၇ဝ ပြားတိုး၊ တစ်ဧက တစ်သိန်းခွဲကျပ်နှုန်းဖြင့် အများဆုံး ဆယ်ဧကအတွက် ချေးယူနိုင်ကြသည်။ Pact Myanmar ၊ စထာပနာနှင့် ဟေမန် ငွေစုငွေချေး အဖွဲ့များမှလည်း အတိုးနည်း ချေးငွေများ ရရှိနိုင်ပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် စာသင်ကျောင်းမရှိသဖြင့် မူလတန်းပညာကို ကျေးရွာမှ ၃ ဖာလုံခန့်အကွာရှိ ရေကျော်ကြီးကျေးရွာနှင့် ၂ ဖာလုံခန့်ဝေးသော တိုက်ကြီးကုန်းကျေးရွာတို့တွင် သင်ယူနိုင်ပြီး အလယ်တန်း၊ အထက်တန်းပညာကို ကျေးရွာမှ ၂ မိုင်ကျော်ခန့်ဝေးသော ကျိုက်လတ်ကျေးရွာသို့ သွားရောက်သင်ယူနိုင်ပါသည်။ တက္ကသိုလ်ပညာရေးကို ပုသိမ်မြို့တွင် သွားရောက်သင်ယူရပါသည်။

ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့်ကောင်းမွန်ပြီး ဆေးဝါးကုသလိုမှုနှင့် ကျန်းမာရေးဝန်ဆောင်မှုကို အဆိုပါ ကျိုက်လတ်ကျေးရွာရှိ တိုက်နယ်ဆေးရုံသို့ပင် အဓိက သွားရောက်ကုသကြပါသည်။ မိမိတို့ကျေးရွာအုပ်စုအတွင်းရှိ ကံ့ကော်ကန်ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းရှိသော်လည်း လမ်းပန်းဆက်သွယ်ရေးခက်ခဲသဖြင့် သွားရောက်မှုမရှိပါ။ ကန်ကြီးထောင့်မြို့နယ်ဆေးရုံနှင့် အရေးပေါ်လိုအပ်ပါက ပုသိမ်မြို့နယ်ဆေးရုံကြီးသို့လည်း အလွယ်တကူ သွားရောက်ကုသနိုင်ပါသည်။ သောက်သုံးရေအတွက် မိုးရေ၊ တွင်းရေ၊ စက်ရေတွင်း၊ တုံကင်ရေနှင့် မြစ်ချောင်းအတွင်းမှ ရေများကို သောက်သုံးနိုင်ကြပါသည်။

## (ဆ) လူငယ်နှင့် ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထားသီးသန့်မရှိသော်လည်း ပျော်ပွဲရွှင်ပွဲများ ကျင်းပလေ့ရှိပါသည်။ လူငယ်အချို့သည် အရက်သေစာသောက်စားမှု အနည်းငယ် ရှိကြသော်လည်း လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ကူညီဆောင်ရွက်ကြပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း ပူးပေါင်းပါဝင်မှုများရှိသည်။ လူငယ်များအသိဉာဏ်ဖွံ့ဖြိုးရေးအတွက် အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန်လည်း လိုအပ်လျှက်ရှိပါသည်။

## (ဇ) အခြေခံအဆောက်အဦ - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျေးရွာတွင်းလမ်းမှာ ကွန်ကရစ်လမ်းဖြစ်ပြီး ကျေးရွာမှ ကိုယ်ထူကိုယ်ထ ဆောင်ရွက်ထားခြင်း ဖြစ်ပါသည်။ ထို့ပြင် ကျန်ရှိနေသော ကျေးရွာတွင်း လမ်းခွဲများကို ယခုစာအုပ်ရေးသားသည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကွန်ကရစ်ဖြင့် လမ်းအရှည် ၁၅၀၀ ပေ၊ ၆ ပေ ၆ လက်မ အကျယ် ဆောင်ရွက်လျက် ရှိပါသည်။ ရွာချင်းဆက်လမ်းအနေဖြင့် တိုက်ကြီးကုန်းကျေးရွာနှင့် ဆက်သောလမ်းသာ ရှိပြီး လမ်းအရှည် ပေ အစအဆုံးထိ ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်နိုင်ခြင်း မရှိသေးပါ။ ကျေးရွာတွင် ယိုယွင်းပျက်စီးနေသော ဆိပ်ခံတံတားတစ်စင်း ရှိပါသည်။

ကျေးရွာအနီးရှိ ကျိုက်လတ်ကျေးရွာတွင် လျှပ်စစ်မီးရရှိနေပြီဖြစ်ပြီး မိမိတို့ကျေးရွာတွင်လည်း လမ်းမီးတိုင်များ စိုက်ထူထားရှိပြီး ဖြစ်ပါသည်။ သို့သော် မီးမလင်းသေးသဖြင့် လတ်တလောတွင် ကိုယ်ထူကိုယ်ထ ဆိုလာမီးများသာ အသုံးပြုနေရပါသေးသည်။ ချက်ပြုတ်စားသောက်ရာတွင် ထင်းမီး၊ ဖွဲမီးများကိုသာ အဓိက အသုံးပြုကြပါသည်။ ဆိုလာအသုံးပြုနိုင်သော အိမ်ထောင်စုများရှိ ကျောင်းသူ/သားများ၏ စာဖတ်ချိန် ကို အထောက်အပံ့ဖြစ်ခြင်း၊ အားလပ်ချိန်များတွင် ဗဟုသုတရဖွယ် သုတ၊ ရသနှင့် သတင်းအစုံအလင်အား တီဗွီဖန်သားပြင်မှကြည့်ရှုနိုင်ကြပါသည်။ ချို့တဲ့သောအိမ်ထောင်စုများတွင် ဖယောင်းတိုင်မီးများ၊ ရေနံဆီမီးများကို အသုံးပြုကြရသည်။

ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ အိမ်ထောင်စုအများအပြား လက်ကိုင်ဖုန်းများ အသုံးပြုနိုင်သဖြင့် အင်တာနက်အသုံးပြုနိုင်မှုမှာလည်း အသင့်အတင့်ကောင်းမွန်ပြီး သတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်မှုရှိပါသည်။

## (ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ရွာသားများသည် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် ဆက်သွယ်သိရှိနိုင်သည်။ သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်းမရှိပါ။ ရွာသားများသည် ကန်ကြီးထောင့်ရဲစခန်းသို့ အလွယ်တကူချိတ်ဆက်နိုင်ပြီး ကျေးရွာတွင်ရာဇဝတ်မှုဖြစ်ပွားခြင်းနည်းပါးသည်။

## ၅။ ကျေးရွာဖွံ့ဖြိုးရေးအတွက် အဟန့်အတားနှင့် စိန်ခေါ်မှုများ

ကျေးရွာအနေအထားအရ ယေဘုယျအားဖြင့် အဟန့်အတားစိန်ခေါ်မှုများအဖြစ် ရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းများ မိုးတွင်းကာလ ပျက်စီးခြင်း၊ ကျေးရွာတွင်း ကုန်ထုတ်လမ်းများမရှိခြင်း၊ စာသင်ကျောင်း မရှိခြင်း၊ ကေးရွာရှိ တံတားမှာ ပျက်စီးနေသဖြင့် အန္တရာယ်ရှိနိုင်ခြင်း၊ ကျေးရွာရှိ

လူငယ်များအတွက် ဖွံ့ဖြိုးရေးအထောက်အကူပြု စာကြည့်တိုက်နှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ မရှိခြင်း၊ ကျန်းမာရေးအတွက် သွားလာရေး အခက်အခဲရှိခြင်း၊ ကျေးရွာရှိ မြေသားရေကန်ကြီးအား ပြုပြင်ရန်နှင့် စက်ရေတွင်းများ မရှိခြင်းတို့မှာ အဓိကဖြစ်ပါသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်_

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာတွင်း အခြေခံအဆောက်အဦများ ရရှိရေးဆောင်ရွက်ခြင်းဖြင့် လူမှုစီးပွား ဘဝကို တိုးတက်ရရှိစေမည်။

က.၂) ကျွန်ုပ်တို့ကျေးရွာတွင်း ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ အထောက်အပံ့များရရှိရေးဆောင်ရွက်ခြင်းဖြင့် လူမှုစီးပွား ဘဝကို တိုးတက်ရရှိစေမည်။

က.၃) ကျွန်ုပ်တို့ကျေးရွာလူထုသည် လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မည်။

### (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည် -

ခ.၁) အခြေခံအဆောက်အဦဖြစ်သည့် ကျေးရွာတွင်းလမ်း၊ ရွာချင်းဆက်လမ်းများ၊ ကုန်ထုတ်လမ်းနှင့် တံတားများ၊ သောက်သုံးရေအတွက် စက်ရေတွင်းနှင့် ရေကန်ကြီးအား ပြုပြင်ရန် စသည့်လုပ်ငန်းများအတွက် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

ခ.၂) ပညာရေးအထောက်အပံ့များ အလွယ်တကူရရှိရေး စာသင်ကျောင်း ချထားပေးရန်နှင့် ကျန်းမာရေးအတွက် လူနာတင်ယာဉ်ရရှိရေး သက်ဆိုင်ရာဌာနများ၊ အလှူရှင်များနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

ခ.၃) ကျေးရွာအတွင်း လူငယ်များဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများရရှိရေးနှင့် စာကြည့်တိုက်ရရှိရေး သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့်အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်ုပ်တို့ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင် ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

### (ခ) ကျေးရွာတွင်း အခြေခံအဆောက်အဦများ ရရှိနိုင်ရေးဆောင်ရွက်ခြင်း

ကျေးရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းပိုင်းများအနက် ဆောင်ရွက်ရန်ကျန်ရှိသည့် လမ်းပိုင်းများအား ကွန်ကရစ်လမ်းအဖြစ်ဆောင်ရွက်နိုင်ရေး၊ ကျေးရွာတွင်းရှိ တောင်သူလယ်သမားများ ထုတ်ကုန်များကို အလွယ်တကူသယ်ယူပို့ဆောင်နိုင်ရေးအတွက် ကုန်ထုတ်လမ်းများရရှိရေး၊ ကျေးရွာတွင်းရှိ ပျက်စီးနေသောတံတားအား ပြန်လည်ပြုပြင်ရန်၊ သောက်သုံးရေအတွက် စက်ရေတွင်းရရှိရေးနှင့် လက်ရှိအသုံးပြုနေသည့် မြေသားရေကန်ကြီးအား ပြန်လည်ပြုပြင်နိုင်ရေး စသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အဓိက တာဝန်ယူထားရသော ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျေးလက်လမ်းဦးစီးဌာနများသို့ ချိတ်ဆက်ဆောင်ရွက်သွားပါမည်။ (ယခု ၂၀၂၀-၂၀၂၁ ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ရွာတွင်းလမ်း ၁၅၀၀ ပေခန့်အား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကွန်ကရစ်လမ်း ဆောင်ရွက်လျက်ရှိပါသည်။ )

### (ဂ) ပညာရေးနှင့် ကျန်းမာရေး အထောက်အပံ့များ ရရှိရေးဆောင်ရွက်ခြင်း

ကျေးရွာအတွင်း စာသင်ကျောင်းနှင့် ဆေးပေးခန်းများမရှိသဖြင့် ကျေးရွာတွင်း မူလတန်းကျောင်း ရရှိရေးနှင့် ကျန်းမာရေးအတွက် လူနာတင်ယာဉ်ရရှိရေး အလှူရှင်များနှင့် သက်ဆိုင်ရာ ပညာရေး ဦးစီးဌာနတို့နှင့် ချိတ်ဆက် ဆောင်ရွက်သွားပါမည်။

### (ဃ) ကျေးရွာတွင်းရှိ လူငယ်များဘဝ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အပံ့များ ရယူခြင်း

ကျေးရွာအတွင်းရှိ လူငယ်များ ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများရရှိရေး၊ ကျေးရွာတွင်း စာကြည့်တိုက်တစ်ဆောင်ရရှိရေး သက်ဆိုင်ရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပညာရေး ဦးစီးဌာနတို့နှင့် ချိတ်ဆက်ဆောင်ရွက်သွားပါမည်။

### ၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

ဗျူဟာဆိုသည်မှာ ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန် အကောင်ထည်ဖော်မည့် နည်းလမ်းဖြစ်သည်။ နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်ထည်ဖော်မည် ဆိုသည့်သဘောပင်ဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက ငါးနှစ်တာအတွက် စီမံကိန်းရေးဆွဲစဉ်အချိန်က ဦးစားပေးအစီအစဉ်ချခဲ့သော စီမံကိန်းများသည် ငါးနှစ်တာလုံးအတွက် ပြီးပြည့်စုံပြီဟုမဆိုနိုင်ပါ။ ဦးစားပေးစီမံကိန်းအချို့ကို ရှေ့ပိုင်းနှစ်များတွင် ဆောင်ရွက်နေစဉ် နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များပေါ်လာပါမည်။ ပုံမှန်အားဖြင့် စနစ်တကျရေးဆွဲထားသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်မူဘောင်သည် သဘာဝဘေးအန္တရာယ် ဆိုးဆိုးဝါးဝါးမကျပါက ပြောင်းလဲမှုသိသိသာသာမရှိနိုင်ပဲ နောက်တိုးဦးစားပေးစီမံကိန်း လုပ်ငန်းအချို့ကို နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ထည့်သွင်းခြင်းအားဖြင့် အစဉ်သဖြင့် ငါးနှစ်တာ စီမံချက်တစ်ခု အသင့်အနေအထားတွင် ရှိနေပါမည်။

### (ခ) ကဏ္ဍနှင့် ရင်းနှီးမြှပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

စီမံကိန်းများကို မည်သည့်ဝန်ကြီးဌာန၊ ဦးစီးဌာနနှင့် သက်ဆိုင်သည်ဟု လုပ်ငန်းကဏ္ဍဆိုင်ရာ အရခွဲခြားခြင်း (Functional classification) နှင့် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ရင်းနှီးမြှပ်နှံမှုကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification) ဟူ၍ နှစ်မျိုးရှိသည်။

*လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)* – ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

*ရင်းနှီးမြှပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)* တွင်

- သာမန်အသုံးစရိတ်

- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်သည်။

## (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်_

ဧရာဝတီတိုင်းဒေသကြီး၊ ကန်ကြီးထောင့်မြို့နယ်၊ အောက်တံခွန်တိုင်ကျေးရွာအုပ်စု၊ ဆောင်ပုံကျေးရွာ၊ ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစား ပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *အခြေခံအဆောက်အအုံ* | | | | | |
| | ၁။ ရွာတွင်းလမ်းအား ကွန်ကရစ်ခင်းရန် | ၁၀၀ | ၁ | - ကျေးရွာတွင်းလမ်းအား ကွန်ကရစ်အဖြစ် ဆောင်ရွက်ရန် (ယခု ၂၀၂၁ ခုနှစ်တွင် ဆောင်ရွက်လျက်ရှိပါသည်) | ကျေးလက် ဦးစီးဌာန |
| | ၂။ တိုက်ကြီးကုန်းကျေးရွာနှင့် ဆက်သောလမ်းအား ကွန်ကရစ်ခင်းရန် | ၈၆ | ၆ | - တိုက်ကြီးကုန်းကျေးရွာနှင့် ဆက်သောလမ်းအား ကွန်ကရစ် လမ်းအဖြစ် ဆောင်ရွက်ထားသော်လည်း အဆုံးထိ ဆောင်ရွက်နိုင်ခြင်း မရှိသေးသဖြင့် ကျန်ရှိသော လမ်းပိုင်းများအား ကွန်ကရစ်ခင်းရန် | ကျေးလက် ဦးစီးဌာန |
| | ၃။ ကုန်ထုတ်လမ်း ဖောက်လုပ်ပေးရန် | ၈၀ | ၈ | - စိုက်ပျိုးရေးထုတ်ကုန်များ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်ရေးအတွက် ကုန်ထုတ်လမ်း ဖောက်လုပ်ပေးရန် | ကျေးလက် ဦးစီးဌာန |
| | ၄။ ကျေးရွာတွင်း တံတား ပြုပြင်တည်ဆောက်ရန် | ၇၈ | ၉ | - ကျေးရွာတွင်းရှိ ဆိပ်ခံ ကွန်ကရစ်တံတားမှာ ပျက်စီးယိုယွင်းနေပြီ ဖြစ်သဖြင့် ပြန်လည်ပြုပြင် တည်ဆောက်ပေးရန် | ကျေးလက် ဦးစီးဌာန |
| | ၅။ မြေသားရေကန်အား ပြန်လည်ပြုပြင်ပေးရန် | ၉၅ | ၃ | - ကျေးရွာတွင်းရှိ မြေသားရေကန်ကြီးအား ပြန်လည်ပြုပြင် တူးဖော်ရန် | ကျေးလက် ဦးစီးဌာန |

| ကဏ္ဍ/ ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစား ပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| | ၆။ စက်ရေတွင်းတူးဖော်ပေးရန် | ၈၈ | ၅ | - ကျေးရွာတွင်း သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် စက်ရေတွင်းနှင့် ရေစည် ချထားပေးရန် | ကျေးလက် ဦးစီးဌာန |
| *ပညာရေး* | | | | | |
| | ၇။ မူလတန်းကျောင်း ချထားပေး ရန် | ၇၀ | ၁၀ | - ကျေးရွာအတွင်းပင် ပညာသင်ယူနိုင်ရေးအတွက် မူလတန်းကျောင်း ချထားပေးရန် | ပညာရေး ဦးစီးဌာန |
| *ကျန်းမာရေး* | | | | | |
| | ၈။ လူနာတင်ယာဉ်ရရှိရေး ဆောင်ရွက် ရန် | ၉၈ | ၂ | - ကျေးရွာအတွင်း ကျေးလက်ဆေးပေးခန်း မရှိ၍ အခြားကျေးရွာသို့ သွားရောက်ကုသရသဖြင့် အလွယ်တကူ လျင်မြန်စွာ ရောက်ရှိနိုင်ရေးအတွက် လူနာတင်ယာဉ် ရရှိရေး ဆောင်ရွက်ရန် | အလှူရှင်များ၊ ကျန်းမာရေး ဦးစီးဌာန |
| *လူငယ်ဖွံ့ဖြိုးတိုးတက်ရေး* | | | | | |
| | ၉။ စာကြည့်တိုက်ချထားပေးရန် | ၉၀ | ၆ | - ကျေးရွာတွင်းရှိ လူငယ်များဘဝဖွံ့ဖြိုးရေးအတွက် အသိပညာ အထောက်အကူပြုနိုင်ရေး စာကြည့်တိုက် ချထားပေးရန် | ပညာရေး ဦးစီးဌာန/ အလှူရှင်များ |
| | ၁၀။ အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်သင်ကြား ပေးရန် | ၈၄ | ၇ | - ကျေးရွာတွင်းရှိ ပြည်သူလူထုများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရေး အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ် သင်ကြားပေးရန် | ကျေးလက် ဦးစီးဌာန |

## (ဃ)  အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေး စီမံချက်များ၏ အချိန်ဇယားကိုဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလိုဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စီမံချက် | အဆင့် | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ |
|---|---|---|---|---|---|---|
| ၁။ ရွာတွင်းလမ်းအား ကွန်ကရစ်ခင်းရန် | ၁ | —— | | | | |
| ၂။ လူနာတင်ယာဉ်ရရှိရေး ဆောင်ရွက်ရန် | ၂ | —— | | | | |
| ၃။ မြေသားရေကန်အား ပြန်လည်ပြုပြင်ပေးရန် | ၃ | | —— | | | |
| ၄။ စာကြည့်တိုက်ချထားပေးရန် | ၄ | | —— | | | |
| ၅။ စက်ရေတွင်းတူးဖော်ပေးရန် | ၅ | | | —— | | |
| ၆။ တိုက်ကြီးကုန်းကျေးရွာနှင့် ဆက်သောလမ်းအား ကွန်ကရစ်ခင်းရန် | ၆ | | | —— | | |
| ၇။ အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်သင်ကြားပေးရန် | ၇ | | | | —— | |
| ၈။ ကုန်ထုတ်လမ်း ဖောက်လုပ်ပေးရန် | ၈ | | | | —— | |
| ၉။ ကျေးရွာတွင်း တံတား ပြုပြင်တည်ဆောက်ရန် | ၉ | | | | | —— |
| ၁၀။ မူလတန်းကျောင်း ချထားပေးရန် | ၁၀ | | | | | —— |

## ၉။  ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်း နမူနာ (indicative) အဖြစ် ကိုးကားရန်သာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် အချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းရှင်များထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေးအကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

**စီမံချက်ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန် အသုံး စရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | | လူသားချင်း စာနာမှု ဆိုင်ရာ ထောက်ပံ့မှု |
| | | | | ငွေလုံး ငွေရင်း အသုံးစရိတ် | စွမ်းဆောင် ရည်မြှင့် တင်ရေး | |
| ၁ | ရွာတွင်းလမ်းအား ကွန်ကရစ်ခင်းရန် | | | √ | | |
| ၂ | လူနာတင်ယာဉ်ရရှိရေး ဆောင်ရွက်ရန် | | | √ | | √ |
| ၃ | မြေသားရေကန်အား ပြန်လည်ပြုပြင်ပေးရန် | | | √ | | |
| ၄ | စာကြည့်တိုက်ချထားပေးရန် | | | √ | √ | |
| ၅ | စက်ရေတွင်းတူးဖော်ပေးရန် | | | √ | | |
| ၆ | တိုက်ကြီးကုန်းကျေးရွာနှင့် ဆက်သောလမ်းအား ကွန်ကရစ်ခင်းရန် | | | √ | | |
| ၇ | အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးရန် | | | | √ | √ |
| ၈ | ကုန်ထုတ်လမ်း ဖောက်လုပ်ပေးရန် | | | √ | | |
| ၉ | ကျေးရွာတွင်း တံတား ပြုပြင်တည်ဆောက်ရန် | | | √ | | |
| ၁၀ | မူလတန်းကျောင်း ချထားပေးရန် | | | √ | | |

**၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင်တာဝန်ရှိပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ**

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်

ပါမည်။ ဥပမာ- လမ်းကော်မတီသည် လမ်းလုပ်ငန်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ငွေကြေးစီမံခန့်ခွဲမှုများပြုလုပ်၍ တာဝန်ယူဆောင်ရွက်စေပြီး ကျေးရွာသူ/ သားများက လုပ်ငန်းပြီးစီးရန် ပူးပေါင်းဆောင်ရွက်ခြင်း၊ လမ်းအား ထိန်းသိမ်း စောင့်ရှောက်ခြင်းများကို အဖွဲ့အလိုက် စီမံဆောင်ရွက်ပါမည်။

## (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သောအကူအညီများ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ - မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ ကျေးရွာ ရေကော်မတီမှလည်း မြေသားရေကန် ထိန်းသိမ်းစောင့်ရှောက်ရေး၊ သန့်ရှင်းရေးနှင့် လိုအပ်သည်များ ပြင်ဆင်နိုင်ရန် **ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်** ဆက်သွယ်၍ အကူအညီများရယူရပါမည်။ အခြား ဖွံ့ဖြိုးရေးလုပ်ငန်းများအားလည်း လုပ်ငန်းအလိုက် အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အထောက်အပံ့များ ရရှိရေး သက်ဆိုင်ရာ ဌာန/ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားပါမည်။

## (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့်ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့်သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံးလွှမ်းခြုံကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါ သည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

**(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် လမ်းပြုပြင်ထိန်းသိမ်းရေးအတွက် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကိုဆောင်ရွက်မည်။ ထို့ပြင် လမ်းအသုံးပြုမှု တန်ချိန်သတ်မှတ်ခြင်းကဲ့သို့သော စည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီအဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ရေရှည်ပြုပြင်ထိန်းသိမ်းရေးအတွက်လည်း သက်ဆိုင်ရာဌာနများ၊ အလှူရှင်များနှင့်လည်း ချိတ်ဆက်ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းအား စဉ်ဆက်မပြတ် လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစ ကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့် အတိုင်းကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများတက် ကြွစွာအတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများ တည်ဆောက်ပါမည်။

### (၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု (financial progress) တို့ကို စနစ်တကျကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို လုပ်ငန်း စတင် ဆောင်ရွက်ချိန်မှ ပြီးဆုံးချိန် အထိ အပြင် ၎င်း နောက် ပြုပြင်ထိန်းသိမ်းရန်အတွက်ပါ ကြီးကြပ်ဆောင်ရွက်ပါမည်။ ကြီးကြပ် စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေး သုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline) ရရှိအောင်ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များပေါ် မူတည်၍ တိုးတက်မှုကိုတိုင်းတာသည့် အညွှန်းကိန်း (indicator) ကိုတည်ဆောက်ရပါမည်။ လုပ်ငန်းအား အစမှ အဆုံးထိ (၃) ကြိမ်တိုင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (monitoring report) ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက် ညှိနှိုင်းဆောင်ရွက်

ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှဦးဆောင်ပါမည်။ ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည် -

**(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု (Physical progress)**

- စီမံကိန်းလုပ်ငန်းများ လုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ၊ အဟန့်အတားများနှင့် ပြုပြင်သင့်သောအဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့် စီမံကိန်းများ၊

**(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု (Financial progress)**

- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလ လျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- ကြီးကြပ်မှု အစီရင်ခံစာ ရှင်းလင်းချိန်တွင်ရှိသော ငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာအနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံ ပေးပို့ပါမည်။ အစီရင်ခံစာသည် အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားရမည့် အချက်အလက်များအပါအဝင် ယင်းအခြေခံ သတင်းအချက်အလက်များပေါ်မူတည်၍ တိုးတက်မှုကို တိုင်းတာသည့် အညွှန်းကိန်း (indicator) ကိုတည်ဆောက်ရပါမည်။

## (၁၁-၂) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည်သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

